# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၁၉/ ၂၀၂၅) ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅) ရက်

| ၅- ၉- ၂၀၂၅ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၄၅၃.၅၄ |
| စင်္ကာပူဒေါ်လာ | ၁,၆၃၂.၀၈ |
| စတာလင်ပေါင် | ၂,၈၂၈.၇၀ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၁၇.၂၉ |
| တရုတ်ယွမ် | ၂၉၄.၂၁ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၉.၁၀ |
| အိန္ဒိယရူပီး | ၂၃.၇၉ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၁.၀၆ |
| မလေးရှား ရင်းဂစ် | ၄၉၇.၀၄ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၈၈ |
| ရုရှားရူဘယ် | ၂၅.၈၀ |
| ထိုင်းဘတ် | ၆၅.၂၄ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၅ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယနိုင်ငံသည် အကောက်ခွန်လွတ် ဝါဂွမ်းတင်သွင်းမှုကို ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အချိန်သုံးလ ထပ်မံ တိုးမြှင့်

➢ အိန္ဒိယအစိုးရ ဉာဏ်ကြီးရှင်များအဖွဲ့ဖြစ်သော NITI Aayog မှ ပဲမျိုးစုံတင်သွင်းမှုလျှော့ချရေး လမ်းပြမြေပုံ ချမှတ်

➢ ရုရှားသည် တရုတ်နှင့် အိန္ဒိယသို့ ဓာတ်မြေဩဇာ တန်ချိန် ၅ သန်းစီ တင်ပို့ရန် မျှော်မှန်း

- **အထွေထွေသတင်းများ**

➢ အိန္ဒိယဝန်ကြီးချုပ်က Bihar ပြည်နယ်၊ Gaya မြို့တွင် ရူပီး ၁၂,၀၀၀ ကုဋေ တန်ဖိုးရှိ ဖွံ့ဖြိုးရေးစီမံကိန်းများ အုတ်မြစ်ချ ဖွင့်လှစ်

➢ အိန္ဒိယဝန်ကြီးချုပ် Narendra Modi က Kolkata တွင် ဖွံ့ဖြိုးရေးစီမံကိန်းများ အုတ်မြစ်ချ ဖွင့်လှစ်

➢ အိန္ဒိယနိုင်ငံအပေါ် ချမှတ်သည့် အခွန်များက ယူကရိန်းနိုင်ငံငြိမ်းချမ်းရေးအတွက် အရေးပါဟု အမေရိကန်တရားရုံးချုပ်သို့ Trump အစိုးရအဖွဲ့ပြောကြား

➢ ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU)နှင့် အာဆီယံကြား ၂၀၂၄ ခုနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂ ဘီလီယံအထိ ရှိ

# အိန္ဒိယနိုင်ငံသည် အကောက်ခွန်လွတ် ဝါဂွမ်းတင်သွင်းမှုကို ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အချိန်သုံးလ ထပ်မံ တိုးမြှင့်

အိန္ဒိယနိုင်ငံသည် ယခုလ ၂၈ ရက်နေ့က ဝါဂွမ်းအား အကောက်ခွန်လွတ်တင်သွင်းမှုကို စက်တင်ဘာလ ၃၀ ရက်နေ့မှစ၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အချိန်သုံးလထပ်မံတိုးမြှင့်ခဲ့ကြောင်း သိရသည်။ အိန္ဒိယအစိုးရ၏ ဆုံးဖြတ်ချက်သည် အမေရိကန်ပြည်ထောင်စုအစိုးရက ချမှတ်ထားသော ၅၀ ရာခိုင်နှုန်း အကောက်ခွန်များကြောင့် ဖိအားများအောက်တွင်ရှိနေသည့် အိန္ဒိယအထည်အလိပ်လုပ်ငန်း၊ အထူးသဖြင့် နိုင်ငံတောင်ပိုင်းရှိ စက်ရုံများအပေါ်ရှိ ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးမည်ဖြစ်ကြောင်း သိရသည်။ ၎င်းသည် အိန္ဒိယအထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများကို ယူကေနိုင်ငံနှင့် ဥရောပသမဂ္ဂ တို့ကဲ့သို့ ကုန်သွယ်မှုသဘောတူညီချက်များ လက်မှတ်ရေးထိုးထားသည့် ဈေးကွက်များတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ကူညီပေးမည်ဖြစ်ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၈ ရက်တွင် ဖော်ပြသည်။

အဆိုပါ ဆုံးဖြတ်ချက်ကြောင့် ၂၀၂၅-၂၆ ဘဏ္ဍာနှစ် အောက်တိုဘာလတွင် စတင်မည့် ဝါဂွမ်းရောင်းဝယ်ရေးနှစ်၏ ပထမသုံးလအတွင်း ဝါဂွမ်းတင်သွင်းမှုသည် ၁ ထုပ်လျှင် ၁၇၀ ကီလိုဂရမ်ပါ ဝါဂွမ်းဘေထုပ် ၂၀ သိန်းခန့်အထိ နှစ်ဆတိုးလာဖွယ်ရှိကြောင်း သိရသည်။ ၎င်းသည် အိန္ဒိယအစိုးရအနေဖြင့် အထည်အလိပ်လုပ်ငန်းကို ကယ်ဆယ်ရန် ၁၀ ရက်အတွင်း ဒုတိယအကြိမ်မြောက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ယခုလ ၁၉ ရက်နေ့က အစိုးရသည် စက်တင်ဘာလကုန်အထိ ဝါဂွမ်းတင်သွင်းမှု အပေါ် ၁၁ ရာခိုင်နှုန်း အကောက်ခွန်အား ကင်းလွတ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

အိန္ဒိယ ဝါဂွမ်းအသင်း (Cotton Association of India - CAI) ဥက္ကဋ္ဌ Atul Ganatra က ပြောကြားခဲ့သည်မှာ အကောက်ခွန်ကင်းလွတ်ခွင့် သက်တမ်းတိုးမြှင့်ခြင်းသည် အိန္ဒိယအထည်အလိပ်စက်ရုံများ၊ အထူးသဖြင့် တောင်ပိုင်းရှိစက်ရုံများအား သက်သာရာရရှိစေမည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် Brazil၊ US၊ Africa နှင့် Australia ကဲ့သို့သော နိုင်ငံများမှ ဈေးသက်သာသော ဝါဂွမ်းများကို ယခုအခါ ရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။ "၎င်းသည် တောင်ပိုင်းရှိ စက်ရုံများအတွက် အသက်သွေးကြောတစ်ခု ဖြစ်လာမည်" ဟု Ganatra က ပြောကြားခဲ့ပြီး CAI သည် လွန်ခဲ့သည့် မကြာသေးမီက အစိုးရအား အခွန်ကင်းလွတ်တင်သွင်းမှုများကို နောက်ထပ်လအနည်းငယ် ထပ်မံတိုးမြှင့်ရန် တိုက်တွန်းခဲ့ကြောင်း ဖြည့်စွက် ပြောကြားခဲ့သည်။

Agribusiness & Trade

လက်ရှိတွင် နိုင်ငံတကာဈေးနှုန်းများသည် အိန္ဒိယပြည်တွင်းဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းခန့် နိမ့်နေကြောင်း သိရသည်။ New York ရှိ InterContinental Exchange (ICE) တွင် ဝါဂွမ်းအနာဂတ်ဈေးနှုန်းများသည် တစ်ပေါင်လျှင် ၆၇-၆၈ ဆင့်တွင်ရှိနေပြီး ၎င်းသည် အိန္ဒိယရူပီးဖြင့် ၃၅၆ ကီလိုဂရမ်ရှိ ကန်ဒီ (Candy) တစ်လုံးလျှင် ရူပီး ၄၆,၀၀၀ နှင့် ညီမျှပြီး ပြည်တွင်းဈေးနှုန်းများမှာမူ ကန်ဒီတစ်လုံးလျှင် ရူပီး ၅၅,၀၀၀ ဝန်းကျင်တွင် ရှိနေကြောင်း Ganatra က ပြောကြားခဲ့သည်။

စက်တင်ဘာလတွင် ကုန်ဆုံးမည့် လက်ရှိ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွက် ဝါဂွမ်းရောင်းဝယ်ရေးနှစ်အတွက် ပြည်ပမှဝါဂွမ်းတင်သွင်းမှုသည် ဘေထုပ်သိန်းပေါင်း ၄၀ မှ ၄၂ သိန်းအကြား ရှိလိမ့်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ "အောက်တိုဘာ-ဒီဇင်ဘာကာလအတွင်းတွင် ပြီးခဲ့သည့်နှစ်အလားတူကာလက ဘေထုပ် ၁၀ သိန်းတင်သွင်းခဲ့သည်နှင့် နှိုင်းယှဉ်ပါက ဘေထုပ်သိန်းပေါင်း ၁၅ မှ ၂၀ သိန်းအထိ ရောက်ရှိလာမည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်" ဟု Ganatra က ပြောကြားခဲ့သည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား
Source: The Hindu Businessline, India extends duty-free cotton imports until December 31, Aug 28, 2025.

## အိန္ဒိယအစိုးရ ဉာဏ်ကြီးရှင်များအဖွဲ့ဖြစ်သော NITI Aayog မှ ပဲမျိုးစုံတင်သွင်းမှုလျှော့ချရေး လမ်းပြမြေပုံ ချမှတ်

အိန္ဒိယအစိုးရ ဉာဏ်ကြီးရှင်များအဖွဲ့ဖြစ်သော NITI Aayog သည် အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ တင်သွင်းမှုလျှော့ချရန်နှင့် ကိုယ်တိုင်ဖူလုံမှု ရရှိစေရန်အတွက် ဘက်စုံချဉ်းကပ်သည့် မဟာဗျူဟာကို ချမှတ်ရန် အဆိုပြုခဲ့ကြောင်း သိရသည်။ အဆိုပါ မဟာဗျူဟာသည် တန်ဖိုးမြှင့်တင်ခြင်း၊ ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုများ လျှော့ချခြင်း၊ စိုက်ပျိုးဧရိယာ တိုးချဲ့ခြင်းနှင့် ကုန်ထုတ်စွမ်းအား မြှင့်တင်ခြင်းတို့အပေါ် အာရုံစိုက်သင့်ကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု The Economic Times သတင်းစာက ယခုလ ၅ ရက်နေ့တွင် ဖော်ပြထားသည်။

"ပဲမျိုးစုံထုတ်လုပ်မှုမှာ ကိုယ်တိုင်ဖူလုံမှု ရရှိခြင်းဟာ အိန္ဒိယနိုင်ငံရဲ့ စားနပ်ရိက္ခာဖူလုံရေးနဲ့ မြေဆီလွှာကျန်းမာရေးအတွက် အရေးကြီးပါတယ်" ဟု Aayog က ယခုလ ၄ ရက်နေ့တွင် ထုတ်ပြန်

ခဲ့သည့် ၎င်း၏ 'Strategies and Pathways for Accelerating Growth In Pulses Towards the Goal of Atmanirbharta' အစီရင်ခံစာတွင် ပြောကြားခဲ့သည်။

ပဲမျိုးစုံ ကိုယ်တိုင်ဖူလုံမှုရရှိစေရန်အတွက် မူဝါဒလမ်းပြမြေပုံသည် ၂၀၂၅-၂၆ ဘဏ္ဍာနှစ်အတွက် ရသုံးမှန်းခြေတွင် ကြေညာခဲ့သော ပဲမျိုးစုံဆိုင်ရာရည်မှန်းချက် (Pulses Mission) ကို အကောင်အထည်ဖော်ရန် အစိုးရ၏ ရည်ရွယ်ချက်နှင့် ကိုက်ညီကြောင်း သိရသည်။ အဆိုပါ မစ်ရှင်သည် ပဲမျိုးစုံ ကိုယ်တိုင်ဖူလုံမှုရရှိစေရန် ရူပီးကုဋေ ၁,၀၀၀ ခွဲဝေချထားပေးထားသည့် ခြောက်နှစ်တာ အစိုးရ၏ အစီအစဉ် တစ်ရပ်ဖြစ်ကြောင်း တွေ့ရှိရသည်။ ၎င်းသည် တောင်သူများအတွက် အနိမ့်ဆုံးပံ့ပိုးဈေး (MSP) ကို အာမခံခြင်း၊ ရိတ်သိမ်းပြီးနောက် သိုလှောင်မှုဆိုင်ရာ ဖြေရှင်းချက်များ ပံ့ပိုးပေးခြင်းနှင့် ရာသီဥတုဒဏ်ခံနိုင်သော မျိုးစေ့များ မြှင့်တင်ခြင်းတို့ဖြင့် အထူးသဖြင့် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေးတို့၏ ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်ရန် ရည်ရွယ်ကြောင်း သိရသည်။

**အဓိက မဟာဗျူဟာများနှင့် ပစ်မှတ်များ**

Aayog ၏ အစီရင်ခံစာအရ အဆိုပါ မဟာဗျူဟာများကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် အိန္ဒိယနိုင်ငံသည် ပဲမျိုးစုံထုတ်လုပ်မှုကို သိသိသာသာ မြှင့်တင်နိုင်ပြီး စုစုပေါင်းထုတ်လုပ်မှုကို တန်ချိန် ၂၀ ဒသမ ၁၀ သန်းအထိ တိုးမြှင့်နိုင်ခြေရှိကြောင်း တွေ့ရှိရသည်။

"အဆိုပါ သိသာထင်ရှားသော တိုးတက်မှုသည် လက်ရှိ တန်ချိန် ၄ ဒသမ ၇၃၉ သန်းရှိသော ပဲမျိုးစုံတင်သွင်းမှုအပေါ် မှီခိုမှုကို လျှော့ချနိုင်ရုံသာမက ၂၀၃၀ ခုနှစ်တွင် ခန့်မှန်းထားသော တန်ချိန် ၁၅ ဒသမ ၇၄ သန်းရှိသည့် လိုအပ်ချက် ကွာဟမှုကိုလည်း ဖြည့်ဆည်းပေးနိုင်ပြီး အိန္ဒိယနိုင်ငံကို ပဲမျိုးစုံကဏ္ဍတွင် ကိုယ်တိုင်ဖူလုံသော နိုင်ငံအဖြစ် တည်ထောင်နိုင်ခြေရှိသည်" ဟု အစီရင်ခံစာတွင် ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံတင်သွင်းမှု တန်ချိန် ၆ ဒသမ ၅ သန်းကျော်အထိ စံချိန်တင် မြင့်တက်ခဲ့ကြောင်း သိရသည်။

**မူဝါဒဆိုင်ရာ အကြံပြုချက်များ**

အဆိုပါ မူဝါဒလမ်းပြမြေပုံ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် Aayog သည် ပဲမျိုးစုံစိုက်ပျိုးဧရိယာကို ထိန်းသိမ်းထားရှိရန် အဆိုပြုခဲ့ပြီး ပြည်နယ် ၁၀ ခုရှိ ဆန်စိုက်ပျိုးပြီးနောက် လွတ်နေသော စုစုပေါင်းဧရိယာ၏ သုံးပုံတစ်ပုံအထိ ထုတ်လုပ်မှုကို ကွဲပြားအောင်ဆောင်ရွက်ဖို့လည်း အဆိုပြုခဲ့ကြောင်း သိရသည်။ "၎င်းသည် ပြည်တွင်းထုတ်လုပ်မှုကို သိသိသာသာမြှင့်တင်နိုင်ပြီး ပဲမျိုးစုံထွက်

Agribusiness & Trade

ရှိမှ တန်ချိန် ၂ ဒသမ ၈၅ သန်းအထိ တိုးလာနိုင်သည်ဟု ခန့်မှန်းရသည်" ဟု ၎င်းက ပြောကြားခဲ့သည်။

Aayog အစီရင်ခံစာက အောက်ပါတို့ကိုလည်း အဆိုပြုခဲ့ကြောင်း သိရသည်-

(က) အရည်အသွေးမြင့်မျိုးစေ့များ အသုံးပြုခြင်း။

(ခ) တောင်သူထုတ်လုပ်သူအဖွဲ့အစည်းများ (FPOs) ကို ခိုင်မာအောင် ဆောင်ရွက်ခြင်း။

(ဂ) ဈေးနှုန်းပံ့ပိုးမှုနှင့် ဈေးကွက်ဝင်ရောက်စွက်ဖက်မှုများ အကောင်အထည်ဖော်ခြင်း။

(ဃ) ပဲမျိုးစုံကို ပြည်သူ့ဖြန့်ဖြူးရေးစနစ်ထဲသို့ ပေါင်းစပ်ထည့်သွင်းခြင်း။

ထို့အပြင် အဆိုပါ အစီရင်ခံစာသည် နိုင်ငံ၏ ဝတ်မွတ်ခေါင်းပါးမှု ပပျောက်ရေးတွင် ပဲမျိုးစုံအခန်းကဏ္ဍ၏ အရေးပါမှုကိုလည်း ဖော်ပြထားကြောင်း သိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယအစိုးရ ညဏ်ကြီးရှင်များအဖွဲ့ဖြစ်သော NITI Aayog မှ အစီရင်ခံတင်ပြခဲ့သည့် အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံတင်သွင်းမှု လျှော့ချရန်နှင့် ကိုယ်တိုင်ဖူလုံမှု ရရှိစေရန်အတွက် ဘက်စုံချဉ်းကပ်သည့် မဟာဗျူဟာပါ အချက်အလက်များကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Source: The Economic Times, NITI Aayog Outlines Roadmap to Cut Pulses Imports, September 5, 2025.

## ရုရှားသည် တရုတ်နှင့် အိန္ဒိယသို့ ဓာတ်မြေသြဇာ တန်ချိန် ၅ သန်းစီ တင်ပို့ရန် မျှော်မှန်း

၂၀၂၅ ခုနှစ်တွင် ရုရှားသည် အိန္ဒိယနှင့် တရုတ်နိုင်ငံများသို့ ဓာတ်မြေသြဇာ တန်ချိန် ၅ သန်းစီ တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း ရုရှားဓာတ်မြေသြဇာ ထုတ်လုပ်သူများအသင်း (Russian Association of Fertilizer Producers- RAFP) ဥက္ကဋ္ဌ Mr. Andrey Guryev က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် တရုတ်နိုင်ငံသို့ ဓာတ်မြေသြဇာ ထောက်ပံ့မှုနှုန်းကို ၂၀၂၄ ခုနှစ်၏ စံချိန်တင်မှတ်တမ်းကို ဆက်လက်ထိန်းသိမ်းထားနိုင်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ဓာတ်မြေသြဇာ တင်ပို့မှုစုစုပေါင်း တန်ချိန် ၄ ဒသမ ၇ သန်း ရှိခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ စုစု

ပေါင်းတင်ပို့နိုင်မှုသည် တန်ချိန် ၂ ဒသမ ၇ သန်းရှိခဲ့ကြောင်း Mr. Andrey Guryev က ပြောကြားသည်။

အလားတူ ၂၀၂၅ ခုနှစ်၊ ပထမခြောက်လအတွင်း ရုရှားမှ အိန္ဒိယနိုင်ငံသို့ ဓာတ်မြေသြဇာ တင်ပို့မှုမှာ ၂၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး စုစုပေါင်းတန်ချိန် ၂ ဒသမ ၅ သန်း ရှိခဲ့သည်။ အဆိုပါတင်ပို့မှုနှုန်းသည် နှစ်ကုန်တွင် တန်ချိန် ၅ သိန်းခန့်အထိ စံချိန်တင်မှတ်တမ်းကို ရရှိစေမည်ဟု ခန့်မှန်းထားကြောင်း ၎င်းက ပြောကြားသည်။

အိန္ဒိယ၊ တရုတ်၊ ဘရာဇီးနှင့် လက်တင်အမေရိကနိုင်ငံများသို့ ရုရှားဓာတ်မြေသြဇာတင်ပို့မှုများ နှစ်စဉ် ၂၀ ရာခိုင်နှုန်းဖြင့် တိုးတက်လာသည်ကို တွေ့မြင်ရကြောင်း၊ BRICS နိုင်ငံများနှင့် ကမ္ဘာ့တောင်ပိုင်းနိုင်ငံများသို့ ဓာတ်မြေသြဇာများ တင်ပို့မှုပမာဏ အလွန်ကြီးမားစွာ ပြောင်းလဲလာနေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီမှ ဇူလိုင်လအထိ ရုရှားနိုင်ငံမှ ဓာတ်မြေသြဇာ တင်ပို့မှုပမာဏသည် ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး စုစုပေါင်းတန်ချိန် ၂၆ ဒသမ ၁ သန်းအထိ တိုးတက်ခဲ့ကြောင်း သိရှိသည်။ ရုရှားနိုင်ငံသည် ကမ္ဘာ့ဓာတ်မြေသြဇာဈေးကွက်တွင် ဦးဆောင်သူဖြစ်ပြီး ၎င်း၏ ဝေစုသည် ၁၈ ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်။ ရုရှားနိုင်ငံမှ ထုတ်လုပ်သူများသည် ၂၀၁၃ ခုနှစ်မှ စတင်၍ ဓာတ်မြေသြဇာတင်ပို့မှုကို ၆၀ ရာခိုင်နှုန်းတိုးမြှင့်ခဲ့ပြီး ယခင်နှစ်တွင် တန်ချိန် ၄၂ သန်းအထိ တင်ပို့နိုင်ခဲ့သည်။ ယခုနှစ်တွင် ပြည်ပသို့တင်ပို့မှု တန်ချိန် ၄၄ သန်းအထိ စံချိန်တင်တိုးမြှင့်သွားရန် မျှော်မှန်းထားသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://ria.ru/20250901/udobreniya-2038809145.html

## အိန္ဒိယဝန်ကြီးချုပ်က Bihar ပြည်နယ်၊ Gaya မြို့တွင် ရူပီး ၁၂,၀၀၀ ကုဋေ တန်ဖိုးရှိ ဖွံ့ဖြိုးရေး စီမံကိန်း များ အုတ်မြစ်ချ ဖွင့်လှစ်

ဝန်ကြီးချုပ် Shri Narendra Modi က Bihar ပြည်နယ်၊ Gaya မြို့တွင် ဒေသတွင်း အခြေခံအဆောက်အအုံ၊ ခရီးလမ်းချိတ်ဆက်မှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ရည်ရွယ်သည့်

Agribusiness & Trade

ရူပီး ၁၂,၀၀၀ ကုဋေ တန်ဖိုးရှိ ဖွံ့ဖြိုးရေးစီမံကိန်းများစွာကို အုတ်မြစ်ချ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ခရီးလမ်းချိတ်ဆက်မှုကို မြှင့်တင်ရန် ဝန်ကြီးချုပ်သည် အမျိုးသားအဝေးပြေးလမ်းမ-၃၁ (NH-31) ပေါ်ရှိ ၈ ဒသမ ၁၅ ကီလိုမီတာ ရှည်လျားသော Aunta – Simaria တံတားစီမံကိန်းကို ဖွင့်လှစ်ပေးခဲ့ရာ ၎င်းတွင် ဂင်္ဂါမြစ်ပေါ်ရှိ ၁ ဒသမ ၈၆ ကီလိုမီတာ ရှည်လျားသော ၆ လမ်းသွားတံတားလည်း ပါဝင်ပြီး ရူပီး ၁,၈၇၀ ကုဋေကျော် ကုန်ကျခဲ့ကြောင်း သိရသည်။ ၎င်းသည် Patna မြို့ရှိ Mokama နှင့် Begusarai တို့အကြား တိုက်ရိုက်ချိတ်ဆက်မှုကို ပေးစွမ်းမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားအသစ်သည် Bihar မြောက်ပိုင်း(Begusarai, Supaul, Madhubani, Purnea, Araria စသည်) နှင့် Bihar တောင်ပိုင်းဒေသများ (Sheikhpura, Nawada, Lakhisarai စသည်) အကြား ခရီးသွားလာသော ယာဉ်ကြီးများအတွက် ၁၀၀ ကီလိုမီတာကျော်သွားရမည့် ပိုမိုကြာမြင့်သည့် သွားလာချိန်ကို လျှော့ချပေးမည်ဖြစ်ကြောင်း သိရသည်။ ယာဉ်များလမ်းကြောင်း ပြောင်းရခြင်းကြောင့် ဒေသတွင်း အခြားနေရာများတွင် ဖြစ်ပေါ်တတ်သော ယာဉ်ကြောပိတ်ဆို့မှု ပြဿနာများကိုလည်း လျှော့ချပေးနိုင်မည်ဟု သိရသည်။

ဝန်ကြီးချုပ်သည် ရူပီး ၁,၉၀၀ ကုဋေခန့် တန်ဖိုးရှိသော NH-31 ၏ Bakhtiyarpur မှ Mokama သို့သွားသည့် လေးလမ်းသွားလမ်းပိုင်းကိုလည်း ဖွင့်လှစ်ပေးခဲ့ရာ ယာဉ်ကြောပိတ်ဆို့မှုကို လျှော့ချပေးကာ ခရီးသွားလာချိန်ကို လျှော့ချပေးပြီး ခရီးသည်နှင့် ကုန်စည်စီးဆင်းမှုကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် Bihar ရှိ NH-120 ၏ Bikramganj–Dawath–Nawanagar–Dumraon လမ်းပိုင်းရှိ ကတ္တရာခင်းထားသော ပခုံးလမ်းပါ နှစ်လမ်းသွားလမ်းကို အဆင့်မြှင့်တင်ခဲ့ကြောင်း သိရသည်။

Bihar ပြည်နယ်၏ လျှပ်စစ်ဓာတ်အားကဏ္ဍ အခြေခံအဆောက်အအုံကို ခိုင်မာစေရန် ဝန်ကြီးချုပ်သည် ရူပီး ၆,၈၈၀ ကုဋေခန့် တန်ဖိုးရှိ လျှပ်စစ်ဓါတ်အား ၆၆၀ မီဂါဝပ်ထုတ်ပေးနိုင်သော Buxar Thermal Power Plant ကို ဖွင့်လှစ်ပေးမည် ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဝန်ကြီးချုပ်သည် Muzaffarpur ရှိ Homi Bhabha Cancer Hospital & Research Centre ကို ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါစင်တာတွင် အဆင့်မြင့် Oncology OPD၊ IPD လူနာဆောင်

များ၊ ခွဲစိတ်ခန်းများ၊ ခေတ်မီ ဓာတ်ခွဲခန်း၊ သွေးလှူဘဏ်နှင့် ခုတင် ၂၄ ခုပါ ICU (Intensive Care Unit) နှင့် HDU (High Dependency Unit) တို့ ပါဝင်ကြောင်း သိရသည်။

ဝန်ကြီးချုပ်သည် ရူပီး ၁,၂၆၀ ကုဋေခန့် တန်ဖိုးရှိ မြို့ပြအခြေခံအဆောက်အအုံ စီမံကိန်းများစွာအတွက် အုတ်မြစ်ချပေးခဲ့ကြောင်း သိရသည်။ ဒေသတွင်း ရထားလမ်းချိတ်ဆက်မှုကို မြှင့်တင်ပေးသည့်အနေဖြင့် ဝန်ကြီးချုပ်သည် ရထားနှစ်စီးကို အစိမ်းရောင်အလံပြ ဖွင့်လှစ်ပေးခဲ့သည်။ Gaya နှင့် Delhi အကြား Amrit Bharat Express နှင့် Vaishali နှင့် Koderma အကြား Buddhist Circuit Train တို့သည် ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် ဒေသတွင်း အဓိကဗုဒ္ဓဘာသာ အထိမ်းအမှတ် နေရာများတစ်လျှောက် ခရီးသွားလုပ်ငန်းနှင့် ဘာသာရေးခရီးသွားလာမှုကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: NBM&CW, PM Modi Inaugurates & Lays Foundation of ₹12,000-Cr Development Projects in Gaya, Bihar, Aug 22, 2025.

## အိန္ဒိယဝန်ကြီးချုပ် Narendra Modi က Kolkata တွင် ဖွံ့ဖြိုးရေးစီမံကိန်းများ အုတ်မြစ်ချ ဖွင့်လှစ်

ဝန်ကြီးချုပ် Narendra Modi သည် ယခုလ ၂၂ ရက်နေ့က West Bengal ပြည်နယ်၊ Kolkata မြို့တွင် ရူပီး ၅,၂၀၀ ကုဋေကျော် တန်ဖိုးရှိ ဖွံ့ဖြိုးရေးစီမံကိန်းများကို အုတ်မြစ်ချဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ ဝန်ကြီးချုပ်က Kolkata သည် အိန္ဒိယနိုင်ငံ၏ ခမ်းနားထည်ဝါသော သမိုင်းကြောင်းနှင့် အနာဂတ်အတွက် ရည်မှန်းချက်များကို ထင်ဟပ်ပြသလျက်ရှိကြောင်း မီးမောင်းထိုးပြခဲ့သည်။ "အိန္ဒိယနိုင်ငံသည် ကမ္ဘာ့တတိယအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်လာရန် ဆောင်ရွက်နေသည်နှင့်အမျှ Dum Dum နှင့် Kolkata ကဲ့သို့သော မြို့များသည် ၎င်းခရီးစဉ်၏ အဓိကအခန်းကဏ္ဍမှ ပါဝင်လာမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

Agribusiness & Trade

ဝန်ကြီးချုပ်သည် Kolkata Metro ၏ ကဏ္ဍများစွာကို ဖွင့်လှစ်ပေးခဲ့ရာတွင် ၁၃ ဒသမ ၆၁ ကီလိုမီတာ ရှည်လျားသော မီးရထားလမ်းသစ်များနှင့် Howrah ဘူတာရုံရှိ အသစ်တည်ဆောက်ထားသော မြေအောက်ရထားလမ်းတို့ ပါဝင်ကြောင်း တွေ့ရှိရသည်။ အဆိုပါ ကဏ္ဍများတွင် Noapara–Jai Hind Bimanbandar ဝန်ဆောင်မှု၊ Sealdah–Esplanade ဝန်ဆောင်မှုနှင့် Beleghata–Hemanta Mukhopadhyay ကဏ္ဍတို့ ပါဝင်ကြောင်း သိရသည်။

Noapara မှ Jai Hind လေဆိပ်သို့ မက်ထရိုဖြင့် ခရီးသွားခဲ့သည့် ၎င်း၏ အတွေ့အကြုံကို မျှဝေရာ၌ ဝန်ကြီးချုပ် Modi က ခရီးသည်များသည် မြို့ပြ၏ အများပြည်သူသယ်ယူပို့ဆောင်ရေး ခေတ်မီလာမှုအပေါ် ၎င်းတို့၏ ပျော်ရွှင်ဝမ်းမြောက်မှုအား ဖော်ပြခဲ့ကြကြောင်း၊ အဆိုပါစီမံကိန်းများသည် ခရီးသွားလာချိန်ကို သိသိသာသာ လျှော့ချပေးမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် Sealdah မှ Esplanade သို့ ယခင် ၄၀ မိနစ်ကြာခဲ့ရာမှ ယခုအခါ ၁၁ မိနစ်သာ ကြာမြင့်တော့မည်ဖြစ်ကြောင်း ၎င်းက ထောက်ပြပြောကြားခဲ့သည်။ အဆိုပါ မက်ထရိုချဲ့ထွင်မှုသည် Kolkata လေဆိပ်နှင့် IT hub တို့၏ ချိတ်ဆက်မှုကိုလည်း ပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ်သည် အလွှာမြင့် ၆ လမ်းသွား Kona အဝေးပြေးလမ်းစီမံကိန်းအား အုတ်မြစ်ချပေးခဲ့ရာ ၎င်းသည် ၇ ဒသမ ၂ ကီလိုမီတာ ရှည်လျားပြီး ရူပီး ၁,၂၀၀ ကုဋေကျော် တန်ဖိုးရှိသော စီမံကိန်းဖြစ်ကြောင်း သိရသည်။ အဆိုပါ စီမံကိန်းပြီးစီးပါက ဆိပ်ကမ်းချိတ်ဆက်မှုကို ပိုမိုကောင်းမွန်စေပြီး ခရီးသွားလာချိန်ကို လျှော့ချပေးကာ ကုန်သွယ်မှု၊ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းတို့ကို အကြီးအကျယ် မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ခေတ်မီအခြေခံအဆောက်အအုံများဆိုင်ရာ အစိုးရ၏ ရည်မှန်းချက်ကို အလေးပေးပြောကြားရာ၌ ဝန်ကြီးချုပ် Modi က “၂၁ ရာစု အိန္ဒိယနိုင်ငံသည် ၂၁ ရာစု သယ်ယူပို့ဆောင်ရေးစနစ် လိုအပ်ပါတယ်။ ထို့ကြောင့် တစ်နိုင်ငံလုံးတွင် ခေတ်မီအဆောက်အအုံများဖြစ်သည့် ရထားလမ်းများ၊ လမ်းများ၊ မက်ထရိုများ၊ လေဆိပ်များကို ချောမွေ့စွာသွားလာနိုင်ရန်အတွက် တည်ဆောက်လျက်ရှိပြီး အချင်းချင်းချိတ် ဆက်လျက်ရှိပါတယ်။” ဟု ၎င်းက ပြောကြားခဲ့သည်။

၎င်းက အိန္ဒိယနိုင်ငံတွင် ၂၀၁၄ ခုနှစ်မတိုင်မီက ကီလိုမီတာ ၂၅၀ သာရှိခဲ့သော မက်ထရိုကွန်ရက်များသည် ယနေ့တွင် ကီလိုမီတာ ၁,၀၀၀ ကျော်အထိ ရှိလာပြီဖြစ်ကြောင်းနှင့် ၎င်းသည် ကမ္ဘာ့တတိယအကြီးဆုံး မက်ထရိုစနစ်ဖြစ်လာကြောင်း သိရသည်။ Kolkata မြို့တွင်လည်း ၁၄ ကီလိုမီ

တာခန့်ရှိသော မီးရထားလမ်းကြောင်းသစ်များနှင့် ဘူတာရုံသစ် ၇ ခု ထပ်မံတိုးချဲ့ခဲ့ကြောင်း ၎င်းက ဖြည့်စွက် ပြောကြားခဲ့သည်။

မီးရထားလမ်းဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဝန်ကြီးချုပ် Modi က West Bengal ပြည်နယ်သည် ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခြင်းကို အောင်မြင်ခဲ့ပြီဖြစ်ကြောင်း ကြေညာခဲ့ပြီး ပြည်သူလူထုက အချိန်ကြာမြင့်စွာ တောင်းဆိုခဲ့သော Purulia နှင့် Howrah အကြား MEMU ရထားကို ယခုအခါ စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း အတည်ပြုခဲ့သည်။ Vande Bharat ရထား ၉ စီးနှင့် Amrit Bharat ရထား ၂ စီးတို့သည်လည်း ပြည်နယ်အတွင်း ပြေးဆွဲလျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

West Bengal ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုအစိုးရ၏ ကတိကဝတ်ကို ထပ်လောင်းပြောကြားရာ၌ ဝန်ကြီးချုပ် Modi က အခြေခံအဆောက်အအုံချဲ့ထွင်မှုသည် Kolkata နှင့် ပြည်နယ်အတွက် သာယာဝပြောသောအနာဂတ်တစ်ခုတည်ဆောက်ဖို့ အခြေခံအုတ်မြစ်ကို ခိုင်မာစေကြောင်း ပြောကြားခဲ့သည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: DD News, PM Modi inaugurates and lays foundation stones for projects worth ₹5,200 crore in Kolkata , Aug 22, 2025.

---

**အိန္ဒိယနိုင်ငံအပေါ် ချမှတ်သည့် အခွန်များက ယူကရိန်းနိုင်ငံငြိမ်းချမ်းရေးအတွက် အရေးပါဟု အမေရိကန်တရားရုံးချုပ်သို့ Trump အစိုးရအဖွဲ့ပြောကြား**

အမေရိကန်သမ္မတ Donald Trump ၏ အစိုးရအဖွဲ့က အိန္ဒိယနိုင်ငံအပါအဝင် နိုင်ငံများအပေါ် အကောက်ခွန်များ စည်းကြပ်ကောက်ခံခြင်းသည် အမေရိကန်ပြည်ထောင်စုအား ကုန်သွယ်မှုဆိုင်ရာ လက်တုံ့ပြန်မှုများနှင့် ရင်ဆိုင်ရစေမည်ဖြစ်ပြီး ပြည်ပတွင် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းမှုများကို ထိခိုက်စေမည်ဟု တရားရုံး စာရွက်စာတမ်းများတွင် သတိပေးဖော်ပြခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်သို့ အယူခံဝင်ရာတွင် ရှေ့နေချုပ် John Sauer က အောက်ရုံးက တရားမဝင်ဟု ဆုံးဖြတ်ခဲ့သော အခွန်များကို တရားရုံးချုပ် တရားသူကြီးများအနေဖြင့်

ထိန်းသိမ်းပေးရန် တိုက်တွန်းခဲ့ကြောင်း India Today သတင်းဌာနမှ ယခုလ ၄ ရက်က ဖော်ပြသည်။ "ဤအမှု၏ အရေးပါမှုက အလွန်မြင့်မားသည်" ဟု အဆိုပါ တင်ပြချက်တွင် ဖော်ပြထားပြီး အခွန်များကို ယူကရိန်းနိုင်ငံငြိမ်းချမ်းရေးအတွက် အမေရိကန်၏ တွန်းအားပေးမှုတွင် အရေးပါသော ရှုထောင့်တစ်ရပ်အဖြစ် ယူဆနိုင်ပြီး၊ နိုင်ငံ့စီးပွားရေးဘေးအန္တရာယ်ကျရောက်မှုမှ ကာကွယ်ပေးသည့် အရာအဖြစ် ဖော်ပြခဲ့ကြောင်း သိရသည်။

"ရုရှား၏ ယူကရိန်းပဋိပက္ခနှင့် ပတ်သက်၍ ရှိပြီးသား အမျိုးသားရေးဆိုင်ရာ အရေးပေါ်အခြေအနေကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အိန္ဒိယနိုင်ငံအပေါ် ရုရှားစွမ်းအင်ထုတ်ကုန်များ ဝယ်ယူမှုကြောင့် အကောက်ခွန်များချမှတ်ရန် ကျွန်ုပ်တော်တို့ မကြာသေးမီက ဆောင်ရွက်ခဲ့သည်" ဟု Trump အစိုးရအဖွဲ့က ရေးသားဖော်ပြခဲ့ပြီး ၎င်းတို့ကို ဖယ်ရှားခြင်းသည် "အမေရိကန်ပြည်ထောင်စုကို စီးပွားရေးဘေးအန္တရာယ်၏ အစွန်းသို့ တွန်းပို့လိမ့်မည်" ဟုလည်း ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန် အစိုးရအဖွဲ့သည် Trump ၏ နိုင်ငံများစွာအပေါ် ပိုမိုကျယ်ပြန့်သော လုပ်ဆောင်ချက်များ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကုန်သွယ်မှုလိုငွေပြမှုကို ကိုးကား၍ အိန္ဒိယနိုင်ငံအပေါ် ၂၅ ရာခိုင်နှုန်းသော အခွန်ကို မကြာသေးမီက ချမှတ်ခဲ့သည်။ ၎င်း၏ ရေနံကုန်သွယ်မှုဆိုင်ရာ ပတ်သက်ဆက်နွယ်မှုများကို အဆုံးသတ်ရန် အမေရိကန်ပြည်ထောင်စု၏ ဖိအားကို လိုက်နာရန် ငြင်းဆန်မှုအတွက် နောက်ထပ် ၂၅ ရာခိုင်နှုန်း အခွန်အား ထပ်မံချမှတ်ခဲ့သည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံအပေါ် ချမှတ်ထားသော စုစုပေါင်းအခွန်သည် ယခုအခါ ၅၀ ရာခိုင်နှုန်းအထိ ရှိကြောင်း သိရသည်။

Trump ၏ တရားရုံးချုပ်သို့ အရေးပေါ်အယူခံဝင်မှုသည် ဖက်ဒရယ်စီရင်စုဆိုင်ရာ အမေရိကန်အယူခံတရားရုံး (US Court of Appeals for the Federal Circuit) ၏ ၇-၄ ဆုံးဖြတ်ချက်အပြီးတွင် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ၎င်းဆုံးဖြတ်ချက်အရ Trump သည် ကျယ်ပြန့်သော အခွန်များ ချမှတ်ရန် အရေးပေါ်စီးပွားရေးအာဏာများကို အသုံးပြုခြင်းဖြင့် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်ခဲ့ကြောင်း ဆုံးဖြတ်ခဲ့သည်။ အစိုးရအဖွဲ့ကမူ အဆိုပါ အစီအမံများသည် နိုင်ငံများကို ဝါရှင်တန်နှင့် ကုန်သွယ်မှု မူဘောင်အသစ်များဆောင်ရွက်ရန် တွန်းပို့လျက်ရှိစဉ် "ငြိမ်းချမ်းရေးနှင့် မကြုံစဖူး စီးပွားရေးသာယာဝပြောမှု" ကို မြှင့်တင်ပေးနေသည်ဟု ချေပပြောကြားခဲ့ကြောင်း သိရသည်။

"အခွန်များရှိလျှင် အမေရိကန်ပြည်ထောင်စုသည် ကြွယ်ဝသောနိုင်ငံဖြစ်ပြီး၊ အခွန်များမရှိလျှင် ဆင်းရဲသောနိုင်ငံဖြစ်သည်" ဟု အဆိုပါ တင်ပြချက်တွင် ဖော်ပြထားသည်။ ၎င်းက အခွန်များ

Agribusiness & Trade

ကို ပြန်လည်ရုပ်သိမ်းခြင်းသည် နိုင်ငံ၏ ကာကွယ်ရေး-စက်မှုလုပ်ငန်း အခြေခံကို အားနည်းစေမည်၊ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ထရီလီယံ ကုန်သွယ်မှုလိုငွေကို အန္တရာယ်ဖြစ်စေမည်၊ ထို့ပြင် "လက်ရှိ ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားရေးရာ ညှိနှိုင်းမှုများအပေါ် မရေရာမှုအရိပ်မည်းကို ကျရောက်စေမည်" ဟု ပြောကြားခဲ့သည်။

အစိုးရက အဆိုပါ အခွန်များကြောင့် "အဓိက ကုန်သွယ်ဖက် ၆ နိုင်ငံနှင့် ၂၇ နိုင်ငံပါဝင်သော ဥရောပသမဂ္ဂတို့သည် မူဘောင်ဆိုင်ရာ သဘောတူညီချက်များကို ချုပ်ဆိုပြီးဖြစ်သည်" ဟု ပြောကြားခဲ့ပြီး အမေရိကန်ပြည်ထောင်စု၏ ကမ္ဘာလုံးဆိုင်ရာ အနေအထားကို ခိုင်မာစေကြောင်း ပြောကြားခဲ့သည်။

"အမေရိကန်ပြည်ထောင်စုသည် လွန်ခဲ့သော တစ်နှစ်က သေဆုံးနေသောနိုင်ငံဖြစ်ခဲ့ပြီး၊ ယခုအခါ တစ်ချိန်က ကျွန်တော်တို့ကို အလွန်အမင်း အလွဲသုံးစားလုပ်ခဲ့သောနိုင်ငံများက ပေးဆောင်နေသည့် ထရီလီယံပေါင်းများစွာသော ဒေါ်လာများကြောင့် အမေရိကန်ပြည်ထောင်စုသည် ခိုင်မာသော၊ ငွေကြေးအရ တည်တံ့သော၊ လေးစားခံရသော နိုင်ငံတစ်နိုင်ငံ ပြန်ဖြစ်လာပြီ" ဟု အဆိုပါ တင်ပြချက်တွင် ဖော်ပြထားကြောင်း သိရသည်။

Trump အစိုးရအဖွဲ့က သမ္မတသည် ပြည်ထောင်စုဥပဒေအရ ကျယ်ပြန့်သော သွင်းကုန်ခွန်များကို ချမှတ်ရန် အခွင့်အာဏာရှိကြောင်း လျင်မြန်စွာ ဆုံးဖြတ်ပေးဖို့ တရားသူကြီးများအား တိုက်တွန်းခဲ့ပြီး သမ္မတ Trump ၏ အခွန်အများစုကို အရေးပေါ်အာဏာများ တရားမဝင်အသုံးပြုမှုအဖြစ် သတ်မှတ်ခဲ့သော အယူခံတရားရုံး၏ ဆုံးဖြတ်ချက်ကို စိန်ခေါ်ခဲ့ကြောင်း သိရသည်။

အယူခံတရားရုံး တရားသူကြီးအများစုက ၁၉၇၇ ခုနှစ် နိုင်ငံတကာအရေးပေါ်စီးပွားရေး အာဏာများ အက်ဥပဒေအရ သမ္မတအား အခွန်များသတ်မှတ်ရန် လွှတ်တော်၏ အခွင့်အာဏာကို ကျော်လွန်၍ ခွင့်မပြုကြောင်း ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် ကန့်ကွက်သော တရားသူကြီးများကမူ အဆိုပါ ဥပဒေသည် သမ္မတအား အရေးပေါ်အခြေအနေများအတွင်း ရှင်းလင်းမြင်သာသော ကန့်သတ်ချက်များမရှိဘဲ သွင်းကုန်တင်သွင်းမှုများကို ထိန်းချုပ်ခွင့်ပြုသည်ဟု ငြင်းဆိုခဲ့ကြောင်း သိရသည်။

Trump အစိုးရအဖွဲ့သည် ကုန်သွယ်ရေးမညီမျှမှုများ၊ အချို့သော ကုန်ပစ္စည်းများ အမေရိကန်ပြည်ထောင်စုသို့ စီးဝင်မှုကို ထိန်းချုပ်နိုင်စွမ်းမရှိခြင်းနှင့် အခြားသောစိုးရိမ်ပူပန်မှုများကို ကိုးကား၍ အိန္ဒိယနိုင်ငံအပါအဝင် နိုင်ငံများစွာအပေါ် အကောက်ခွန်အများအပြားကို ချမှတ်ဆောင်ရွက်ခဲ့သည်။

အချို့နိုင်ငံများသည် ဝါရှင်တန်နှင့် ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များ ရရှိခဲ့ပြီးဖြစ်သော်လည်း အခြားနိုင်ငံများ၏ ညှိနှိုင်းမှုများမှာ ရှေ့ဆက်၍ မတိုးနိုင်ဖြစ်နေသည်ကို တွေ့ရှိရကြောင်းနှင့် အချို့အခွန်များမှာလည်း စတင် အာဏာသက်ဝင်နေပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်မှုသဘောတူညီချက်ရရှိရန် တက်ကြွစွာ ဆွေးနွေးခဲ့သည်။ သို့ရာတွင် အိန္ဒိယနိုင်ငံ၏ ရုရှားနှင့် ကုန်သွယ်မှုဆက်လက်ပြုလုပ်ခြင်းနှင့် ၎င်း၏ စိုက်ပျိုးရေးနှင့် နို့ထွက်ပစ္စည်းဈေးကွက်များကို အမေရိကန်ပြည်ထောင်စုသို့ အပြည့်အဝဖွင့်လှစ်ပေးရန် ငြင်းဆန်မှုတို့ကြောင့် ဆွေးနွေးပွဲများ မကြာသေးမီက ရပ်တန့်သွားခဲ့ကြောင်း သတင်းများအရ သိရသည်။

သို့ဖြစ်ပါ၍ Trump ၏ အစိုးရအဖွဲ့အနေဖြင့် အိန္ဒိယနိုင်ငံအပေါ် အကောက်ခွန် ၅၀ ရာခိုင်နှုန်းအထိ သတ်မှတ်ကောက်ခံရန် ဆုံးဖြတ်ခဲ့သည့်အပေါ် တရားဝင်မှုမရှိဟု အယူခံတရားရုံး၏ ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိပဲ အမေရိကန်တရားရုံးချုပ်သို့ အယူခံဝင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: India Today, Exclusive: Tariffs on India vital for Ukraine peace, Team Trump tells US top court, September 5, 2025.

.............................................................................................................

## ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU)နှင့် အာဆီယံကြား ၂၀၂၄ ခုနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂ ဘီလီယံအထိ ရှိ

ဥရောပအာရှစီးပွားရေးသမဂ္ဂ(Eurasian Economic Union - EAEU) နှင့် အာဆီယံ (ASEAN) အဖွဲ့ဝင်နိုင်ငံများအကြား ၂၀၂၄ ခုနှစ်တွင် ကုန်သွယ်မှုပမာဏသည် ၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၁ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း Eurasian Economic Commission (EEC) ၏ တရားဝင်ဝဘ်ဆိုဒ်တွင် ဖော်ပြထားသည်။

EAEU အဖွဲ့ဝင်နိုင်ငံများအတွက် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် မဟာဗျူဟာမြောက် ဦးစားပေးလမ်းကြောင်းတစ်ခုဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် EAEU နှင့် အာဆီယံနိုင်ငံများ

အကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂ ဘီလီယံထိ ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၁ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့ခြင်း ဖြစ်ကြောင်း၊ အဆိုပါပမာဏသည် ပူးပေါင်းဆောင်ရွက်မှု၏ လက်တွေ့ထိရောက်မှုကို ပြသနေကြောင်းဖြင့် ဥရောပအာရှစီးပွားရေးကော်မရှင် (Eurasian Economic Commission-EEC) ဥက္ကဋ္ဌ Mr. Bakytzhan Sagintayev နှင့် အာဆီယံအတွင်းရေးမှူးချုပ် Mr. Kao Kim Hourn တို့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation - SCO SUMMIT 2025 Plus)အတွင်းတွင် တွေ့ဆုံဆွေးနွေးစဉ် ယင်းသို့ Mr. Bakytzhan Sagintayev က ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံမှုတွင် ၂၀၂၆-၂၀၃၀ ခုနှစ်အထိ EEC နှင့် အာဆီယံပူးပေါင်း ဆောင်ရွက်ရေးအစီအစဉ်မူကြမ်းကို ဆွေးနွေးခဲ့ကြပြီး ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရန် ရည်မှန်းထားကြသည်။ ယင်းအပြင် EAEU အား အာဆီယံဆွေးနွေးဖက်နိုင်ငံအဖြစ် သတ်မှတ်ရန် အလားအလာကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

EAEU (ရုရှား၊ ဘီလာရုစ်၊ ကာဇက်စတန်၊ ကာဂျစ္စတန်၊ အာမေးနီးယား)နှင့် အာဆီယံအကြား နားလည်မှုစာချွန်လွှာ(MoU)ကို ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ EAEU သည် မြန်မာနိုင်ငံအပါအဝင် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ထိုင်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာကို လက်မှတ် ရေးထိုးထားသည်။ လာအို၊ ဖိလစ်ပိုင်၊ မလေးရှားတို့နှင့် တရားဝင်ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ယင်းအပြင် ဗီယက်နမ်နိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် (Free Trade Agreements- FTA)ကို ၂၀၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံနှင့် FTA လက်မှတ် ရေးထိုးနိုင်ရန် စီစဉ်ထားသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://tass.ru/ekonomika/24923335

……………………………………………………………………………………………..